ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ စနေနေ့၊ (9-2-2008) (၅၅၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှေးဘေားဘိုးဘီဘင်တို့၏ကျေးဇူး

ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းတို့ နှစ်ပရိစ္ဆေဒရှည်လျားစွာ ခိုင်ခိုင်မြဲမြဲ လက်ချင်းတွဲလျက် မခွဲမခွာ အတူတကွ နေထိုင်နိုင်ကြခြင်းမှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စာနာထောက်ထားခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်း၊ နားလည်သည်းခံ ခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတည်းဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံအရင်းတည်လျက် အမြော်အမြင်ကြီးမားစွာ ပေါင်းစည်းယှက်နွှယ် နေထိုင်ခဲ့ကြသည့် ရှေးဘေားဘိုးဘီဘင်အဆက်ဆက်တို့၏ ကျေးဇူးတရားကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်သို့ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဌာန အတွင်းဝန် H.E. Shiv Shankar Menon အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် သံရုံးအဖွဲ့ဝင်တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❒ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ် (ဓာတ်ပုံမှတ်တမ်း) စာမျက်နှာ-၇

❒ **"ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသားတိုင်းမှာပင် တာဝန်ရှိနေပေသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယ အဆင့်ဖြစ်သော အခြေခံဥပဒေရေးဆွဲခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ လမ်းတစ်ဝက်သို့ပင် ရောက်နေပေပြီ။ ပြည်ထောင်စု နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးမှာ မဝေးတော့ပြီ။"** စောဖိုးသဲ၏ **"ပြည်ထောင်စု၏ အတွေ့အကြုံ"** (ဆောင်းပါး) စာမျက်နှာ-၈၊၉

❒ ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)၏ **"ပြည်ထောင်စုအား"** (ကဗျာ) စာမျက်နှာ-၉

❒ ထွင့်ခေါင်၏ **"ပင်လုံမှန်ဦး"** (ကဗျာ) စာမျက်နှာ-၉

❒ လင်းလင်း၏ (ကာတွန်း) စာမျက်နှာ-၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၂-၂၀၀၈ (စနေနေ့)

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေး အရည်အသွေးမြင့်ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်ရေးကြိုးပမ်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နေ့က နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပခဲ့ရာ အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူ အနုပညာရှင်၊ အတတ်ပညာရှင်များအား ထူးချွန်ဆု ၁၁ ဆု ပေးအပ်ချီးမြှင့်ခဲ့ပြီဖြစ်သည်။

မြန်မာ့ရုပ်ရှင်ပညာသည်များသည် ခေတ်အဆက်ဆက်တွင် ပြည်သူတို့အား အနုပညာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရုံသာမက လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အမျိုးသားရေးအားမာန်၊ ဇာတိသွေးဇာတိမာန် ထက်သန်နိုးကြားစေရေးတို့တွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတကာ ရုပ်ရှင်လုပ်ငန်းများ၌ ခေတ်မီနည်းပညာများအသုံးပြု၍ ရိုက်ကွင်းရိုက်ကွက်၊ အသံစနစ်နှင့် အထူးပြုလုပ်ချက်များကို တီထွင်သုံးစွဲရိုက်ကူးပြသနေကြသည်။ ဒါရိုက်တာနှင့် ရုပ်ရှင်ပညာသည်များ၏ ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ဆောင်များ၏ စရိုက်နှင့်အညီ ပီပြင်စွာသရုပ်ဆောင် ထုတ်လုပ်နိုင်မှုတို့ကြောင့် အခြားနိုင်ငံများအထိ ထိုးဖောက်အောင်မြင်မှုများ ရရှိနေသည်ကိုလည်း တွေ့မြင်နေရသည်။

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေးသည် ရုပ်ရှင်လောက၏ အသက်ဖြစ်ရာ ရုပ်ရှင်ထုတ်လုပ်သူများနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များကလည်း မိမိတို့ရိုက်ကူးထုတ်လုပ်လိုက်သည့် ရုပ်ရှင်ဇာတ်ကားများ၏ ဇာတ်လမ်း အရည်အသွေး၊ သရုပ်ဖော် ရိုက်ကွက်၊ အနုပညာမြောက် သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် စက်မှုနည်းပညာပိုင်းဆိုင်ရာ သုံးစွဲမှုများ ပိုမိုပီပြင် ခေတ်မီလာစေရေး ပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်သရုပ်ဆောင်နှင့် အတတ်ပညာဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပေးလျက်ရှိသည်။ ရုပ်ရှင်လောကသားများ နိုင်ငံတကာ အတွေ့အကြုံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အပြည်ပြည်ဆိုင်ရာပြပွဲ၊ ပေကျင်းရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည် (၁၆)ကြိမ်မြောက် ရွှေကြက်-ရာပန်း ရုပ်ရှင်ပွဲတော်များသို့ ကိုယ်စားလှယ်များ စေလွှတ်ခဲ့သည်။ ထို့အပြင် တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်တို့၌ ဒီဂျစ်တယ် စီနီမာနည်းပညာများ သွားရောက်လေ့လာစေခဲ့ပေသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်၊ ထုတ်လုပ်သူများအားလုံး ပူးပေါင်းပြီး နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် ရုပ်ရှင်များ ရိုက်ကူးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ရုပ်ရှင်အဆင့်အတန်းနှင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်း ဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးချိတ်-ဒေါ်ယောက်၊ ဦးမြင့်အောင်- ဒေါ်သန်းသန်းတို့အား အမှူးထား၍ ဦးဇော်နိုင်မိုး-ဒေါ်ဇာမွန်အိ၊ သား မောင်ပီတိမိုးနိုင် မိသားစု ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်တို့က မဟာရံတံတိုင်း ငါးခန်းအတွက် အလှူငွေကျပ် ၁၅ သိန်းကို နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို)ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးသန်းမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့ သဘောထား	
★	ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★	ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဦးဆောင်သော နိုင်ငံခြားသံတမန်များ အင်းလေး၊ တောင်ကြီး၊ ပင်းတယဒေသများသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့ ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများသည် သံတမန်လေ့လာရေးခရီးစဉ် ၂၀၀၈ (Diplomatic Tour 2008) အဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ အင်းလေး၊ တောင်ကြီး၊ ပင်းတယဒေသများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ ဒေသန္တရလေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။

သံတမန်လေ့လာရေးအဖွဲ့ဝင်များ ပင်းတယမြို့ ရွှေဥမင်ဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး ဦးဆောင်သော သံတမန်များသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဟဲဟိုးမြို့သို့ ထွက်ခွာခဲ့ကြရာ ဟဲဟိုးလေဆိပ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးနှင့်ဇနီးဦးဆောင်သော သံတမန်များသည် တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် အင်းလေးကန်သို့ထွက်ခွာခဲ့ကြသည်။ ဆက်လက်၍ စက်လှေများဖြင့် ရှာမရှိ စိန်သမာဓိ ရွှေ၊ ငွေ၊ ပန်းထိမ်အလုပ်ရုံနှင့် ရွှေဟင်္သာအင်းလေး အထည်မျိုးစုံလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် သံတမန်များသည် အင်းလေးဖောင်တော်ဦး စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညို၍ ရွှေသင်္ကန်းများဆက်ကပ်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ညောင်ရွှေမြို့သို့ စက်လှေများဖြင့် လည်းကောင်း၊ ရွှေညောင်မြို့သို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း ထွက်ခွာကြကာ အေးသာယာမြို့ အေးသာယာဂေါက်ကွင်း ဟိုတယ်၌ ညအိပ်ရပ်နားကြသည်။

သံတမန် လေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူစေတီအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး တောင်ကြီးမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ မွန်းလွဲပိုင်းတွင် သံတမန်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို အေးသာယာဂေါက်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး၊ ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်သံတမန်များ ပါဝင်ဆင်နွှဲကြသည်။ ညပိုင်းတွင် တိုင်းမှူးနှင့်ဇနီးတို့က ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဦးဆောင်သော သံတမန်များအား အေးသာယာဂေါက်ကွင်း ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ပို့ဆောင်နှုတ်ဆက်

သံတမန် လေ့လာရေး အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ပင်းတယမြို့သို့ သွားရောက်၍ ရွှေဥမင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။ ညနေပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးဦးဆောင်သော သံတမန်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် သံတမန်လေ့လာရေးအဖွဲ့သည် တပ်မတော်အထူးလေယာဉ်ဖြင့် ဟဲဟိုးမြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အထူးတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဉပနိဿယမှုအတိုင်း သားတပည့်များ ဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံး၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၈)ကြိမ်မြောက် ဓမ္မာနုပဿနာသတိပဋ္ဌာန် ခုနစ်ရက်အထူးတရားစခန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီ အရောက်လာကြရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉၂၇၃၈၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြောင်းမြမြို့နယ် မွေတော်ကျေးရွာ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ (ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ကျေးရွာ မွေတော်ကျောင်းတိုက်ကြီးအတွင်း၌ တပို့တွဲလဆန်း ၉ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပမည့် တတိယအကြိမ်မြောက် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အထက(၅) ကမာရွတ် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများဂုဏ်ပြုပွဲနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မရတနာအေးမင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖေဖော်ဝါရီ ၈ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် H.E. Shiv Shankar Menon အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

ရန်မီးမပွား အကျိုးများ

ဤလောက၌ ရန်တို့ပြန်ခြင်းအားဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်။ ရန်တို့ မမူသဖြင့်သာလျှင် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပင်တည်း။

(ဓမ္မပဒ ၅)

ဝန်ကြီး ဦးညဏ်ဝင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော မစ္စတာနော့(ပ်)ဖာဒွန် ဖတ်တမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ပေါင်းလောင်းရေလှောင်တမံသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်း ရေလှောင်တမံအား သွားရောက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ ပေါင်းလောင်းရေလှောင်တမံ၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်သန်းက ပေါင်းလောင်းရေလှောင်တမံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များကိုယ်စား လေ့လာရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးလွင်ထွန်းက လေ့လာရေးအထိမ်းအမှတ်အလံကို ဒုတိယညွှန်ကြားရေးမှူးထံ ပေးအပ်ပြီး ပေါင်းလောင်း ရေလှောင်တမံအား လှည့်လည်ကြည့်ရှု လေ့လာကြသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်း ရေလှောင်တမံကို ကြည့်ရှုလေ့လာကြစဉ်။(သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၈

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း၌ တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်သည် အမှတ်(၇) တည်းခိုရေးစခန်း၌ ဖွင့်လှစ်ထားသော ကျန်းမာရေးဦးစီးဌာန ဆေးကုခန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဆေးကုခန်းနှင့် ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း အသိပညာပေးဟောပြောပွဲ မရမ်းကုန်း၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ HIV/AIDS ရောဂါအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အထက(၁)စန္ဒီမာခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မောင်ကျေးဇူးက လူငယ်များ လမ်းမှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကိုလည်းကောင်း၊ Aung Japanese School မှ နည်းပြဆရာ ရန်ကင်းမြို့နယ် မူးယစ်ကြီးကြပ်ရေးမှူး-တိုကျိုအောင်ကြီး(**အောက်ပုံ**)က HIV/AIDS ရောဂါအန္တရာယ်နှင့် ကာကွယ်ရေးနည်းလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သာကေတမြို့နယ် မူးယစ်ကြီးကြပ်ရေးမှူး ဦးကျော်စွာဝင်းက လူမှုဝန်ထမ်းဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြသည်။ (လူမှုဝန်ထမ်း)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၅ ၄။ ကျန်းမာသုတ
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ရက်ချိန်း" (လူမင်း၊ အိန္ဒြာကျော်ဇင်)**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အုံသြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလိုင်းနှင့်အတူ" (အပိုင်း-၁၇)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ လူရွှင်တော်ရွှေဖလား
- ၁၈။ **English Usage**
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်ချစ်သူရဲကောင်း" (အပိုင်း-၃၁)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

သိဗိရိလက်ဘတပ်များက ကျားသူပုန်များအား ပြင်းပြင်းထန်ထန်တိုက်

ကိုလံဘို ဖေဖော်ဝါရီ ၈

သိရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ ခရိုင်များတွင် ပုန်းအောင်းနေသည့် သောင်းကျန်းသူများကို သီရိလင်္ကာအစိုးရတပ်ဖွဲ့များက ပြင်းပြင်းထန်ထန် တိုက်ခိုက်လျက်ရှိရာ တမီးလ် ကျားသူပုန်များ ပြေးလွှားရကြောင်း အစိုးရက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် တမီးလ်ကျားလွတ်မြောက်ရေးအဖွဲ့ (အယ်လ်တီတီအီး)မှ သောင်းကျန်းသူများကို တိုက်ခိုက်ရန်အတွက် မြောက်ပိုင်းရှိ ဗေယူနီယာ၊ မန်နားနှင့် မူလေတီယူများသို့ ရောက်ရှိနေပြီ ဖြစ်သည်ဟု ဝန်ကြီးချုပ် ရက်နာဆီရီ ဝစ်ရမ်နာယကေက ပါလီမန်တွင် ပြောကြားသည်။

သူပုန်များက နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် ဗုံးဖောက်ခွဲပြီး စစ်ဘက်တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများကို အာရုံပြောင်းသည့် ကြိုးပမ်းမှုများ ပြုလုပ်နေလင့်ကစား ၎င်းတို့အနေဖြင့် အစိုးရတပ်များ၏ ထိုးစစ်ကြောင့် ဆက်လက်ပြေးလွှားနေရမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့် ရက် ၃၀အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သားနှင့် အစိုးရ တပ်ဖွဲ့ဝင် ၁၄၁ ဦး သေဆုံးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။



ရုရှားနိုင်ငံက လွှတ်တင်မည့် ဒုံးယာဉ်ကို ဗိုင်ကိုနူးအာကာသ လွှတ်တင်ရေးစခန်းသို့ သယ်ဆောင်သွားသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရုရှားကထောက်ပံ့ရေး အာကာသယာဉ် အာကာသအတွင်းလွှတ်တင်

မော်စကို ဖေဖော်ဝါရီ ၇

ပရိုဂရက်စ်အမည်ရှိ ရုရှားဖြည့်တင်းရေး အာကာသယာဉ်တစ်စင်းကို ကာဇက်စတန်ဒေသရှိ ဒုံးပျံပစ်လွှတ်စင်မှ အင်္ဂါနေ့တွင်အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ရုရှားသတင်းဌာနက ဖော်ပြသည်။

နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)ဖြင့် ချိတ်ဆက်နိုင်ရန်အတွက် အဆိုပါကုန်ပစ္စည်းတင်သည့် အာကာသယာဉ်ကို ဆိုယုဇ်-ယူဒုံးပျံဖြင့် အာကာသအတွင်း ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု မော်စကိုအပြင်ဘက်ရှိ ရုရှားထိန်းချုပ်ရေး မစ်ရှင်အဖွဲ့ကို ကိုးကား၍ တပ်စ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပစ္စည်းဖြည့်တင်းရေး အာကာသယာဉ်ပေါ်တွင် အိုင်အက်စ်အက်စ်အာကာသယာဉ်မှူးများအတွက် ပျားရည်၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ရေနှင့် စက်ပစ္စည်းများ အပါအဝင် လတ်ဆတ်သည့် စားနပ်ရိက္ခာများ သယ်ဆောင်သွားသည်ဟုမစ်ရှင်ထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

အမေရိကန် အာကာသယာဉ်မှူးဖြစ်သူ ပက်ဂီဝှစ်ဆန်၊ ဒင်နီယယ်တာနီနှင့် ရုရှားအာကာသယာဉ်မှူး မာလင်ချန်ကိုတို့သည် အိုင်အက်စ်အက်စ်ပေါ်တွင် ရောက်ရှိနေသည်။

အမ်အင်အေ၊ ရိုက်တာ။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူခြောက်ဦးအား ဘွဲ့ပေးအပ်

ပေကျင်း ဖေဖော်ဝါရီ ၇

ဆိုးရွားပြင်းထန်သည့် ရာသီဥတုကြောင့် ဘေးဒုက္ခကြုံတွေ့နေရသူများ၊ အပျက်အစီးများအား ကူညီဖြေရှင်းရန် ကြိုးပမ်းရင်း သေဆုံးခဲ့ကြသည့် အလုပ်သမားခြောက်ဦးကို တရုတ်အစိုးရက လုပ်ငန်းဆိုင်ရာစံပြလုပ်သားဘွဲ့တံဆိပ် ပေးခဲ့ကြောင်း ဆင်ဟွာသတင်းအရသိရှိရသည်။

ဆိုးရွားပြင်းထန်သည့် အအေးဒဏ်ကိုမမှုဘဲအသက်ကိုပဓာနမထားစွန့်လွှတ်ကူညီခဲ့သော အလုပ်သမား ခြောက်ဦးကို ချီးကျူးဂုဏ်ပြုရန်အတွက် ပုဂ္ဂိုလ်ရေးရာ ဝန်ကြီးဌာနနှင့် နိုင်ငံပိုင်ပစ္စည်းကြီးကြပ်ရေးနှင့် အုပ်ချုပ်ရေး ကော်မရှင်က တနင်္ဂနွေနေ့တွင် ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့သည်။

၎င်းအလုပ်သမားများသည် ကာအိုကျန်လင်း၊ ကျိုကျန်ဟွာ၊ လူယိုပေဝင်၊ လူယိုချန်မင်း၊ ဇူကျင်ဟွာတို့ဖြစ်ပြီး ၎င်းတို့သည် ဟူနန်နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေး ကွန်ရက်မှဖြစ်သည်။ ကျန်တစ်ဦးမှာ ဂွမ်ဒေါင်းလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီမှ လူဟွမ်ဆောင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်တွင် ဘိန်းစိုက်ပျိုးမှု ရှင်းလင်းရေး နိုင်ငံတကာ အကူအညီပေးရန် အာဖဂန်အစိုးရက တိုက်တွန်း

တိုကျို ဖေဖော်ဝါရီ ၇

အလှူရှင် နိုင်ငံများက အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးနှင့် စောင့်ကြည့်လေ့လာရေးကော်မတီနှင့်ပတ်သက်၍တိုကျိုမြို့တွင် အစည်းအဝေးကျင်းပစဉ်အတွင်း အာဖဂန်နစ္စတန်အစိုးရက ဘိန်းထုတ်လုပ်မှု ပပျောက်ရေး အတွက် အကူအညီပိုမိုပေးကြရန်အင်္ဂါနေ့ကတိုက်တွန်းလိုက်သည်။

အာဖဂန်က ကမ္ဘာ့ထွက်သမျှ ဘိန်း၏ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိပြီး ဘိန်းဖြူအဖြစ် ချက်လုပ်နေကြောင်း၊ ယင်းလုပ်ငန်းမှ ဝင်ငွေဖြင့် အာဖဂန်နိုင်ငံသားများ ရပ်တည်နေကြရကြောင်း ကမ္ဘာ့ဘဏ်နှင့် ဗြိတိသျှအစိုးရက ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါး ပြဿနာသည် ပြည်တွင်းတိုက်ခိုက်မှု မြင့်မားလာသည့်ကိစ္စနှင့် ဆက်နွှယ်မှုရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းဘိန်းလုပ်ငန်းမှ ရသည့် ဝင်ငွေကို တာလီဘန်ပြောက်ကျားများအတွက် ဖြည့်ဆည်းပေးနေခြင်းကြောင့် ဖြစ်သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နိုင်ငံ ဟီမန်ဒေသရှိ ဘိန်းခင်းများ၏ မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီယာဆိပ်ကမ်းတွင် ပေါက်ကွဲမှုကြောင့် ၂၀ ကျော်သေဆုံး

ဘော့ဆက်ဆို (ဆိုမာလီယာ) ဖေဖော်ဝါရီ ၇

ဆိုမာလီယာနိုင်ငံ မြောက်ပိုင်းရှိ ဆိပ်ကမ်းတွင် ဖေဖော်ဝါရီ ၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး တစ်ရာကျော် ဒဏ်ရာရရှိကြောင်း၊ ဆိုမာလီယာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံမှ ယီမင်နိုင်ငံသို့ အခြေစိုက်ရန် သွားရောက်သူများ တစ်ထောက်နားရာ ဆိုမာလီယာဆိပ်ကမ်းတွင် ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။

စုံစမ်းစစ်ဆေး

ဘော့ဆက်ဆိုဆေးရုံသို့သယ်ဆောင်စဉ် သေဆုံးသူအရေအတွက် ပိုများသည်။ ပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးပေ။ ထိုကိစ္စကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဒဏ်ရာရရှိသူ အများဆုံးသည် အီသီယိုးပီးယားလူမျိုးများ ဖြစ်ကြောင်း ၎င်းဆေးရုံမှ သူနာပြုက ပြောကြားသည်။

ဆိုမာလီယာနှင့် အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံသို့ လူထောင်ပေါင်းများစွာသည် ဆင်းရဲမှုနှင့် အကြမ်းဖက်မှုများကြောင့် ယီမင်နိုင်ငံသို့ အခြေစိုက်ရန် ရွှေ့ပြောင်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဗန်ကောက် ဖေဖော်ဝါရီ ၇

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်ရှိ အဆောက်အအုံတစ်ခုအနီး၌ ဖေဖော်ဝါရီ၆ ရက် နံနက်ပိုင်းက သောင်းကျန်းသူများ ဗုံးဖောက်ခွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသည်။

၎င်းတပ်ဖွဲ့ဝင်သည် ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဆိုင်ဆူရီခရိုင်တွင် တာဝန်ကျနေသူဖြစ်ကြောင်း ဗန်ကောက်ပို့စ် သတင်းစာတွင် ဖော်ပြသည်။

၎င်းကို ဆေးရုံသို့တင်ပို့ပြီးလုံခြုံရေးတပ်ဖွဲ့က ဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထိုင်းနိုင်ငံတောင်ဘက်စွန်း ပြည်နယ်သုံးခုဖြစ်သည့် ပတ္တနီ၊ ယာလာနှင့် နာရာသီဝပ်ပြည်နယ်တို့တွင် ၂၀၀၄ ခုနှစ် အစောပိုင်းကတည်းက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယင်းဒေသတွင် ၂၈၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီဂျစ်၌ ရက်ကန်းစက်ရုံမီးလောင် ၅၆ဦး ဒဏ်ရာရ

ကိုင်ရို ဖေဖော်ဝါရီ ၇

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အရှေ့မြောက်ဘက်ရှိ အိုရီရင်တယ်ရက်ကန်းစက်ရုံတွင် မီးလောင်မှုဖြစ်ပွားရာ လူ ၅၆ ဦး ဒဏ်ရာရရှိကြောင်း လုံခြုံရေး တပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရှိရသေးကြောင်း ပြောကြားသည်။ စစ်ဘက်ရဟတ်ယာဉ် လေးစင်းနှင့် ရေနံဝန်ကြီးဌာနမှ ကား ၁၂စီး မီးငြိမ်းသတ်ကြောင်းနိုင်ငံပိုင်မီနာသတင်းဌာနက ပြောကြားသည်။

မီးလောင်မှုသည် ပြည်ပပို့မည့် ကော်ဇောများ သိုလှောင်ထားသော စက်ရုံ၏ ကုန်ရုံအတွင်းမှ စတင်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ၎င်းသတင်းဌာနက ဖော်ပြသည်။

၎င်းစက်ရုံသည် ကော်ဇောများနှင့် ခြုံထည်အထူများကို စက်ရက်ကန်းဖြင့် အဓိက ထုတ်လုပ်သော လုပ်ငန်းဖြစ်ပြီး မီးလောင်မှုကြောင့် ခန့်မှန်းခြေတန်ဖိုး အီဂျစ်ပေါင်သန်း ၂၀ နီးပါး(အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း)ဆုံးရှုံးကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချဒ်နိုင်ငံ အင်ဂျာမီနာမြို့တွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား သယ်ယူနေသည်ကို ဖေဖော်ဝါရီ ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ မြေပြို၊ ခုနစ်ဦးသေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၇

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဂျာဗားပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုကျမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဂျာဗားကျွန်း မြောက်ဘက်ကမ်းရိုးတန်းရှိ ဆင်ဒန့်ဝင်ဂျီကျေးရွာ အိမ်များပေါ်သို့ ဖေဖော်ဝါရီ ၅ ရက်ညနေပိုင်းက မြေပြိုကျသဖြင့် ခုနစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီရောက်တိုင်း ရေလွှမ်းမိုးခြင်းနှင့် မြေပြိုကျခြင်း ဘေးဒုက္ခများနှင့် ကြုံတွေ့နေရသည်။

ဖေဖော်ဝါရီ ၁ ရက်ကလည်း ဂျကာတာမြို့တော်တွင် မိုးရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် လူ ငါးဦးသေဆုံးပြီး လူ ၁၀၀၀၀၀ခန့်သည် အိမ်ပစ်ရာပစ် ပြေးခဲ့ရသည်။

ဂျကာတာမြို့တွင် ရေလွှမ်းမိုးခြင်းကြောင့် မြို့ကြီးများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး အဓိကလေဆိပ်ကိုလည်း နာရီအနည်းငယ်ကြာ ပိတ်ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာရေးရာသတင်းများ၊နိုင်ငံတကာရေးရာသတင်းများ

ဆီးနှင်းမုန်တိုင်းဒဏ်ခံရသည့် ဒေသသို့ တရုတ်သမ္မတ ဒုတိယအကြိမ် သွားရောက်အားပေး

ဂွလင် ဖေဖော်ဝါရီ ၈

တရုတ်နိုင်ငံ၏ နွေဦးရာသီနှစ်သစ်ကူးပွဲတော် မတိုင်မီ သမ္မတဟူကျင်တောင်သည် နှင်းမုန်တိုင်းဒဏ်ခံရသည့်ဒေသသို့ ဒုတိယအကြိမ် သွားရောက်၍ အားပေးကူညီမှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတောင်ပိုင်း ကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်၏ လေဆိပ်တွင် ကယ်ဆယ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်နေသော တပ်ဖွဲ့ဝင်များနှင့်အတူ ဟူကျင်တောင်ကိုယ်တိုင် ဝင်ရောက်၍ ကူညီခဲ့သည်။ **(ယာပုံ)**

ယနေ့ကာလတွင် ရာသီဥတုအခြေအနေသည် လွန်စွာ မတည်မငြိမ်ဖြစ်လျက်ရှိသည်။ သို့ဖြစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် တပ်ဖွဲ့ဝင်များအနေဖြင့် လေယာဉ်ဖြင့် ပျံသန်း၍ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရာ၌ မိမိတို့ကိုယ်တိုင်၏ လုံခြုံရေးကိုလည်း သတိထားရန်လိုအပ်သည်ဟု ဟူကျင်တောင်က သတိပေးစကား ပြောကြားခဲ့သည်။ ထို့ပြင် သဘာဝဘေးဒဏ်ကို အောင်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များအနေဖြင့် လုံ့လဝီရိယဖြင့် အားစိုက်ခွန်စိုက် ကြိုးပမ်းသွားကြရန်လည်း မှာကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံဝန်ကြီးအဖွဲ့ တာဝန်များစတင်ယူ

ဗန်ကောက် ဖေဖော်ဝါရီ ၇

ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်အသစ် ဆမတ်ဆွန်ဒါဝရာဗီ ဦးဆောင်သော ဝန်ကြီးအဖွဲ့သစ်ကို ဘုရင်ဘူမိဘောအဒူရာဒက်ချ်က ဖေဖော်ဝါရီ ၆ရက်တွင် အတည်ပြုပေးလိုက်ပြီ ဖြစ်သည်။

သို့ဖြစ်၍ ယခုအခါ ထိုင်းနိုင်ငံ၌ ၂၀၀၆ခုနှစ် စက်တင်ဘာလနောက်ပိုင်း အစိုးရအဖွဲ့သစ် ပြန်လည်တာဝန်ထမ်းဆောင်လိုက်ခြင်းပင်ဖြစ်သည်။

ဝန်ကြီးအဖွဲ့သစ်ကို တရားဝင်ခန့်အပ်သည့် အခမ်းအနားကို ဗန်ကောက်မြို့လယ်ရှိ ချစ်ဘရာလာဒါနန်းတော်တွင် ပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားသို့ ဘုရင်နှင့်အတူ ဝန်ကြီးချုပ်ဆမတ်နှင့် ဝန်ကြီးအဖွဲ့ဝင် ၃၅ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပါတီခြောက်ခုပါဝင်သော ညွန့်ပေါင်းအစိုးရက ဝန်ကြီးများကို ခွဲဝေယူကြရာ အင်အားအကောင်းဆုံးဖြစ်သော ဝန်ကြီးချုပ် ဆမတ်၏ ပြည်သူ့အာဏာပါတီ(ပီပီပီ)မှ ကိုယ်စားလှယ်များသည် အရေးအပါဆုံးဖြစ်သော ဝန်ကြီးဌာနများကိုတာဝန်ယူထားသည်။

ပီပီပီပါတီမှဝန်ကြီးချုပ် ဆမတ်သည် ကာကွယ်ရေးဝန်ကြီးတာဝန်ကိုလည်း ပူးတွဲယူသည်။ အခြားပီပီပီဝန်ကြီးများဖြစ်သည့် နော့ဖာဒွန်ဖတ်တမာက နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဆူရာပေါင်က ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း အသီးသီးတာဝန်ယူကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မစ်ဆူရီမြို့တော်ခန်းမ၌ ပစ်ခတ်မှုဖြစ်ပွား၍ ငါးဦးသေဆုံး

ကင့်ဝုဒ် (မစ်ဆူရီ) ဖေဖော်ဝါရီ ၈

စိန့်လူးဝစ်ဒ်မြို့တော်ခန်းမ၌ ကျင်းပသော မြို့တော်ကောင်စီ အစည်းအဝေးတွင် လက်နက်ကိုင်သမားတစ်ဦးက ဝင်ရောက် ပစ်ခတ်ရာ ရဲအရာရှိ နှစ်ဦးနှင့် မြို့တော်အရာရှိ သုံးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်နက်ကိုင်သူသည် ကင့်ဝုဒ်မြို့တော်ခန်းမအပြင်ဘက် ကားရပ်နားရာနေရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အဆောက်အအုံထဲမှ တစ်ဦးတို့ကို ပစ်ခတ်ပြီး ခန်းမထဲသို့ ဝင်ရောက်ခဲ့သည်။ ၎င်းသည် ကောင်စီအစည်းအဝေးရှိ လူများကို ပစ်ခတ်ခဲ့ရာ ကောင်စီ အရာရှိများနှင့်အတူ မြို့တော်ဝန် မိုက်ခ်ဆဝိုဘိုဒါလည်း ထိမှန်သည်။ မြို့တော်ဝန်သည် ခေါင်း၌ ဒဏ်ရာရရှိပြီး အခြေအနေမှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုပစ်ခတ်မှုတွင် မြို့တော်ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသည့် သုံးဦးလည်း သေဆုံးခဲ့ကြောင်း ရဲအရာရှိ ထရေးပါနပ်စ်၏ ပြောကြားချက်ကို ကိုးကား၍ စိန့်လူးဝစ်ဒ်-ဒစ်ပါတန် သတင်းစာ၌ ဖော်ပြသည်။ သေဆုံးသူများထဲမှ နှစ်ဦးမှာ မြို့တော်ကောင်စီ အဖွဲ့ဝင်များဖြစ်ပြီး ကျန်တစ်ဦးမှာ အင်ဂျင်နီယာဖြစ်ကြောင်း သိရသည်။

လက်နက်ကိုင်သမားမှာ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းရှင် သက်လတ်ပိုင်း လူငယ်တစ်ဦးဖြစ်သည်ဟု မျက်မြင်သက်သေက ပြောကြားသည်။ ၎င်းသည် ၂၀၀၆ခုနှစ်၌ ကျင်းပသော မြို့တော်ကောင်စီအစည်းအဝေးတွင် နှောင့်ယှက်မှုကြောင့် နှစ်ကြိမ်တိုင်တိုင် အဖမ်းခံခဲ့ရသည်ကို မကျေနပ်သောကြောင့် ယခုနှစ် အစည်းအဝေး၌ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ချဒ်နိုင်ငံအကျပ်အတည်း ကြုံတွေ့လျှင် ပြင်သစ်က စစ်ရေးအရ အရေးယူမည်

ပါရီ ဖေဖော်ဝါရီ ၇

ချဒ်နိုင်ငံ အကျပ်အတည်းသည် ဆိုးရွားလာပြီး အခြေအနေအရ လိုအပ်လာလျှင် ပြင်သစ်အနေဖြင့် စစ်ရေးအရ အရေးယူသွားမည်ဖြစ်သည်ဟု ပြင်သစ်သမ္မတ ဆာကိုဇီက ဖေဖော်ဝါရီ ၅ရက်တွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် တာဝန်ယူတုံ့ပြန်ရန် လိုအပ်နေကြောင်း၊ အခြေအနေက တောင်းဆိုလာလျှင် မိမိနိုင်ငံအနေဖြင့် တာဝန်ရှိသည်နှင့်အညီ လုပ်ဆောင်သွားမည်သာဖြစ်ကြောင်း ဆာကိုဇီက ဆက်လက်ပြောကြားသည်။

ချဒ်နိုင်ငံအစိုးရက သူပုန်များကို တွန်းလှန်တိုက်ခိုက်ရာ၌ ပြင်သစ်နှင့် အခြားနိုင်ငံများက အကူအညီပေးသင့်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကြေညာချက် ထွက်ပေါ်လာချိန်နှင့် ပြင်သစ်သမ္မတ၏ အထက်ပါစကားများ ပြောကြားချိန်မှာ တိုက်ဆိုင်လျက်ရှိသည်။

ကုလသမဂ္ဂပဋိညာဉ်စာတန်းနှင့်အညီ ချဒ်နိုင်ငံအစိုးရကလည်း မေတ္တာရပ်ခံလာလျှင် နိုင်ငံများအနေဖြင့် အကူအညီပေးရမည်ဖြစ်သည်ဟု ကုလသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

လတ်တလောအခြေအနေဖြင့် ချဒ်၌ ပြင်သစ်တပ်ဖွဲ့အင်အား ၁၀၀၀ကျော် ရှိနေသည်။ ယခုအချိန်အထိ ထိုတပ်ဖွဲ့များသည် မည်သည့်တပ်ဖွဲ့ ဘက်သို့မျှ မပါဘဲ ကြားနေလျက်ရှိသည်။ သို့သော် ချဒ်နိုင်ငံအနေဖြင့် ကျူးကျော်ခံရသည့် အခြေအနေဖြင့် ရင်ဆိုင်လာရလျှင် ပြင်သစ်တပ်ဖွဲ့များ သည် ချဒ်နိုင်ငံဘက်မှ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၃၉၅၃ဦးရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇

အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်ဦးဆောင်သောအပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှ ယနေ့အချိန်အထိကာလအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၉၅၃ဦးရှိသွားပြီ ဖြစ်ကြောင်း အေပီသတင်းဌာန၏စာရင်းအရ သိရသည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်းသေဆုံး သွားသည့် အရပ်သားရှစ်ဦး၏ စာရင်းလည်းပါဝင်သည်။ အေပီသတင်းဌာန၏သေဆုံးမှုစာရင်းသည် စစ်ဘက်ကထုတ်ပြန်သော စာရင်းနှင့်နှိုင်းယှဉ်ပါက သုံးဦးပိုမိုများပြားကြောင်း သိရသည်။

အခြားအပေါင်းပါတပ်ဖွဲ့ဝင်များဖြစ်ကြသည့် ဗြိတိန်တပ်ဖွဲ့ဝင်များ၏သေဆုံးမှုစာရင်းမှာ ၁၇၄ဦး၊ အီတလီတပ်ဖွဲ့မှ ၃၃ဦး၊ ယူကရိန်းတပ်ဖွဲ့မှ ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ်ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုငါးဦး၊ စလိုဗက်ကီးယား လေးဦး၊ လက်ဗီးယား သုံးဦး၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားနှစ်ဦးစီ အသီးသီး သေဆုံးပြီး ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားနိုင်ငံများမှ တစ်ဦးစီ အသီးသီးသေဆုံးသည်ဟုဆိုသည်။

အင်တာနက်။

ပရီမီယာလိဂ်ပွဲစဉ်(၂၆) စောင့်ကြည့်ရမည့် ပွဲသုံးပွဲ

ဓာနည်ဦး

ပရီမီယာလိဂ် ပွဲစဉ်တွေဟာ အကြိတ်အနယ် ဖြစ်နေပါပြီ။ လက်ရှိချန်ပီယံ မန်ချက်စတာယူနိုက်တက်၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့သုံးသင်းဟာ ပထမနေရာအတွက် အပြိုင်တာစူနေကြပြီ ဖြစ်ပါတယ်။ ပြီးခဲ့သည့်ပွဲစဉ် (၂၅)မှာ မန်ယူနဲ့ စပါး တစ်ဂိုးစီသရေဖြစ်ပြီး အာဆင်နယ်က မန်စီတီးကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်လိုက်တဲ့အတွက် အာဆင်နယ်က မန်ယူကို နှစ်မှတ်ဖြတ်ပြီး စုစုပေါင်းအမှတ် ၆၀နဲ့ ဇယားထိပ်ကို ရောက်သွားခဲ့ပါတယ်။ မန်ယူက ၅၈မှတ်နဲ့ ဒုတိယ၊ ချယ်လ်ဆီးကလည်း ပို့စ်မောက်နဲ့ တစ်ဂိုးစီသရေကျလိုက်လို့ ၅၄မှတ်နဲ့ တတိယနေရာကပဲ လိုက်နေပါတယ်။ စတုတ္ထနေရာမှာတော့ အဲဗာတန်က ၄၄မှတ်၊ ပဉ္စမနေရာမှာ လီဗာပူးက ၄၃မှတ်နဲ့ လိုက်နေပါတယ်။ တတိယချယ်လ်ဆီးနဲ့ စတုတ္ထ အဲဗာတန်တို့က ၁၀မှတ်ကွာနေတဲ့အတွက် အထက်သုံးသင်းနဲ့ အောက်အသင်းများ အလှမ်းဝေးနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း အာဆင်နယ် မန်နေဂျာကြီး အာဆင်ဝင်းဂါးဟာ ပရီမီယာရှစ်ဖလားကြီးကို အာဆင်နယ်၊ မန်ယူနဲ့ ချယ်လ်ဆီးတို့ သုံးသင်းသာ အဓိက ယှဉ်ပြိုင်ရတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အာဆင်ဝင်းဂါး ပြောသလို အသင်းသုံးသင်းသာ အဓိက ပြိုင်ရမှာမို့ ခြေချော်လက်ချော် မဖြစ်အောင် အတော်ကို ရှန်းကန်ကြရဦးမှာဖြစ်ပါတယ်။ အာဆင်နယ်က လူငယ်သွေးသစ်တွေရဲ့အားနဲ့ ထူးထူးခြားခြား ခြေစွမ်းတက်လာတဲ့ အဒီဘာယော အတွဲအဖက်ညီတာကြောင့် အသင်းကစားကွက် ပိုတက်လာ၊ ပိုကောင်းလာတယ်။

အာဆင်နယ်မှာက ဂါးလက်စ်၊ ကိုးသမားဂျင်းလေမန်း၊ အယ်လ်မူနီယာတို့လောက်ပဲ အသက်ကြီးကြီး ဘောလုံးသမားတွေပါပြီး ကျန်ဘောလုံးသမားတွေက အသက် (၂၀)ကျော် ဝန်းကျင်မှာရှိတဲ့အတွက် ပွဲများများ ကစားရတဲ့အနေအထားမှာ သက်လုံကြံ့ခိုင်မှုမှာ အခြားအသင်းတွေထက် သာလွန်တဲ့အနေအထားမှာ ရှိနေပါတယ်။

ဖေဖော်ဝါရီ ၉ရက်(စနေနေ့)၊ ၁၀ရက် (တနင်္ဂနွေနေ့)နဲ့ ၁၂ရက်(အင်္ဂါနေ့)တို့မှာ ပရီမီယာလိဂ် ပွဲစဉ်(၂၆) ကစားမှာဖြစ်ပါတယ်။

ဖေဖော်ဝါရီ ၁၀ရက်မှာ မန်ချက်စတာမြို့ရဲ့ ပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ မန်ယူနဲ့ မန်စီတီးတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ မန်စီတီးက သတ္တမနေရာရောက်နေလို့ အဆင့်တက်ရေး၊ ဂုဏ်သိက္ခာတက်ရေးအတွက် အနိုင်ကစားမှာဖြစ်သလို မန်ယူကလည်း ဒုတိယနေရာက ပထမနေရာ ပြန်ရောက်ဖို့ အရှုံးမခံနိုင်ဖြစ်နေပါတယ်။ တိုက်စစ်မှာ ဝိန်းရွန်နီ ပွဲပယ်ထိထားလို့ တစ်အားလျော့နေပါတယ်။

ထို့အပြင် ချယ်လ်ဆီးနဲ့လီဗာပူးပွဲကလည်း ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်မှာ သေချာပါတယ်။

ဖေဖော်ဝါရီ ၁၂ရက်မှာတော့ဇယားထိပ်က အာဆင်နယ်နဲ့ ဘလက်ဘန်းတို့ ကစားရမှာပါ။ ပထမအကျော့ကစားစဉ်က တစ်ဂိုးစီသရေကျခဲ့လို့ ခုပွဲမှာ အာဆင်နယ်အနိုင်ကစားရပါလိမ့်မယ်။

ဖေဖော်ဝါရီ ၉ရက်မှာ-အက်စတန်ဗီလာနဲ့ နယူးကာဆယ်၊ ဘော်လ်တန်နဲ့ ပို့စ်မောက်၊ ဒါဘီနဲ့ စပါးစ်၊ အဲဗာတန်နဲ့ ရီးဒင်း၊ မစ်ဒယ်ဘရော့နဲ့ ဖူလ်ဟမ်၊ ဆန်းဒါးလန်းနဲ့ ဝီဂန်၊ ဝက်စ်ဟမ်းနဲ့ ဘာမင်ဂမ်။

ဖေဖော်ဝါရီ ၁၀ရက်မှာ-မန်ယူနဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ လီဗာပူး။

ဖေဖော်ဝါရီ ၁၂ရက်မှာ-အာဆင်နယ်နဲ့ ဘလက်ဘန်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ် (၂၅)အပြီး အသင်း(၁၀)သင်းရဲ့ ရပ်တည်မှု အနေအထားကိုကြည့်လျှင် အောက်ဆုံးသုံးသင်းမှာ ဘာမင်ဂမ်(၂၁)မှတ်၊ ဖူလ်ဟမ် (၁၉)မှတ်နှင့် ဒါဘီ (၉)မှတ်တို့ ဖြစ်ပါတယ်။

ဒါကြောင့် ပွဲစဉ်(၂၆) ကစားကြမယ့် ပရီမီယာလိဂ် ပွဲစဉ်များအနက် မန်ယူနဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ လီဗာပူး၊ အာဆင်နယ်နဲ့ ဘလက်ဘန်းတို့သုံးပွဲဟာ စောင့်ကြည့်ရမယ့် ပွဲကောင်းများလို့ ယူဆရပါတယ်။

ပွဲစဉ် (၂၅)အပြီး အသင်း ၁၀ သင်း အခြေအနေ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	အမှတ်
၁။	အာဆင်နယ်	၂၅	၁၈	၆	၁	၆၀
၂။	မန်ယူ	၂၅	၁၈	၄	၃	၅၈
၃။	ချယ်လ်ဆီး	၂၅	၁၆	၆	၃	၅၄
၄။	အဲဗာတန်	၂၅	၁၃	၅	၇	၄၄
၅။	လီဗာပူး	၂၄	၁၁	၁၀	၃	၄၃
၆။	ဗီလာ	၂၅	၁၁	၈	၆	၄၁
၇။	မန်စီးတီး	၂၅	၁၁	၈	၆	၄၁
၈။	ဘလက်ဘန်း	၂၅	၁၀	၉	၆	၃၉
၉။	ပို့စ်မောက်	၂၅	၁၀	၈	၇	၃၈
၁၀။	ဝက်စ်ဟမ်း	၂၄	၁၀	၆	၈	၃၆

နိုင်ငံတကာ အားကစားသတင်း

နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲ အနိုင်အရှုံးရလဒ်များ

ဖေဖော်ဝါရီ ၆ ရက်က နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်း ဘောလုံးပွဲများ ကျင်းပခဲ့ရာ အဆိုပါပွဲရလဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

အင်္ဂလန်-ဆွစ်ဇာလန်	(၂း၁)
ဂျာမနီ-ဩစတြီးယား	(၃း၀)
နယ်သာလန်-ခရိုအေးရှား	(၃း၀)
စပိန်-ပြင်သစ်	(၁း၀)
အီတလီ-ပေါ်တူဂီ	(၃း၁)
ဘရာဇီး-အိုင်ယာလန်	(၁း၀)
တူရကီ-ဆွီဒင်	(၀း၀)
ဂရိ-ဖင်လန်	(၂း၁)
ပိုလန်-ချက်	(၂း၀)
အစ္စရေး-ရိုမေးနီးယား	(၁း၀)
လတ်ဗီးယား-ဂျော်ဂျီယာ	(၃း၁)
ဆိုက်ပရပ်စ်-ယူကရိန်း	(၁း၁)
မော်လ်ဒိုဗာ-ကာဇက်စတန်	(၁း၀)
ဆားဗီးယား-မက်ဆီဒိုးနီးယား	(၁း၁)
ဟန်ဂေရီ-စလိုဗက်	(၁း၁)
ဒိန်းမတ်-ဆလိုဗေးနီးယား	(၂း၁)
ဘူလ်ဂေးရီးယား-မြောက်အိုင်ယာလန်	(၁း၀)
ဘီလာရုစ်-မော်လ်တာ	(၁း၀)
အိုက်စ်လန်-အာမေးနီးယား	(၂း၀)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း သန်လျင်မြို့နယ်ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမှတ်(၁၉) သန်လျင်အထည်ချုပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အမှတ်(၁၈)သန်လျင်အထည်ချုပ်စက်ရုံ၊ အမှတ်(၁၉)သန်လျင်အထည်ချုပ်စက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)၊ အမှတ်(၂) ဖိနပ်စက်ရုံ၊ ပလတ်စတစ်ထုပ်ပိုးပစ္စည်းစက်ရုံနှင့် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဖန်ချက်စက်ရုံ (သန်လျင်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြည့်မီကျော်လွန်ရန် လူ့စွမ်းအား၊ နည်းပညာစွမ်းအား၊ အုပ်ချုပ်စီမံမှုစွမ်းအားများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်(၁၀၀)ပြည့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း ဇလွန်မြို့ တောရဘုန်းတော်ကြီး ဦးသီလ၏ ခန္ဓာဝန်ချနှစ်(၁၀၀)ပြည့် ပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ တရားပွဲမဓမ္မသဘင် အထူးအစီအစဉ်ဖြင့်လည်းကောင်း၊ ၁၉ ရက်မှ ၂၀ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ညပိုင်းတွင် အထူးတရားပွဲဖြင့်လည်းကောင်း၊ ၂၁ ရက်တွင် ဂုဏ်တော်များကို ချီးကျူးပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းပူဇော်ခြင်းဖြင့်လည်းကောင်း၊ ၂၁ ရက်မှ ၂၅ ရက်အထိ ဓာတ်သဘင်၊ ရုပ်ရှင်များဖြင့်လည်းကောင်း ၁၃ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပူဇော်ပွဲတွင် ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်း၊ အချိုပွဲ၊ သင်္ကန်း၊ ရာပြည့်ဖော်ညွှန်း မြတ်မော်ကွန်းစာအုပ်၊ ခရီးသွားမှတ်တမ်းစာအုပ်၊ ပူဇော်ပွဲအထိမ်းအမှတ် လက်ဆွဲအိတ်စသည့် လှူဖွယ်ပစ္စည်းများ ပူဇော်လှူဒါန်းမည်ဖြစ်ပါ၍ ဦးသီလဓာတ်တော်စေတီ ဂေါပကအဖွဲ့သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဦးငွေသန်း ဇလွန် ဖုန်း- ၀၄၄-၂၂၂၃၇၊ ရန်ကုန် ဖုန်း-၀၉၅၀ ၄၈၄၀၅ သို့ဖြစ်စေ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	တေးဂီတအစီအစဉ်
၈:၁၀	၇။	ပုလင်းရေလှောင်တမံ
၈:၂၀	၈။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၄၀	၃။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
၁၂:၃၅	၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၈)**
၁:၂၀	၆။	**"ပိုင်နိုင်ခိုင်မြဲအောင်" (ခန့်စည်သူ၊ထွန်းထွန်းဝင်း၊ မျိုးစန္ဒီကျော်၊ငွေဇင်သွန်း၊ သူသူဟံသာ) (ဒါရိုက်တာ-သက်တင်)**
၁:၅၀	၇။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂:၀၀	၈။	အတီးပြိုင်ပွဲ
၂:၁၀	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၃၀	၁၀။	**"အသိနဲ့ယှဉ်သတိနဲ့ပြင်" (အပိုင်း-၁) (ဝါးခယ်မ ရဲမောင်၊ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး)**
၂:၄၀	၁၁။	ဆပ်သွားတံတား
၂:၄၅	၁၂။	International News.
၃:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ စီးပွားရေးပညာ၊စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြုများ) (သင်္ချာ)
၄:၄၅	၄။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၀	၅။	မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၅:၁၅	၆။	ချစ်စရာ့အရွယ် ကစားကြမယ်
၅:၃၀	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	အလုရှာမယ်၊ လုကမ္ဘာဝယ်
၆:၅၀	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူအားမာန်" (အပိုင်း-၁၁)**
၇:၃၅	၁၂။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅	၁၃။	ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု တို့ပြည်ထောင်စု) (ချင်းပြည်နယ်)
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သော အချစ်နေ့" (အပိုင်း-၁၉)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

ကမ္ဘာတစ်လွှား ထူးထူးခြားခြားဖြစ်ရပ်များ

ကြေးမုံ The Mirror

ကင်းမြီးကောက်ကြီး ငုံထားသူ



ကမ္ဘာတစ်လွှားသူ့ထက်သူ အစွမ်းပြနေကြသူများအနက် အမေရိကန် ကယ်လီဖိုးနီးယားမှ ဒင်းန်ရှယ်ဒွန်ဆိုသူလည်းပါဝင်သည်။ ဒင်းန်ရှယ်ဒွန်သည် ဂင်းနစ်မှတ်တမ်းတင်အဖွဲ့ရှေ့မှောက်၌ ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းက အရှည် ၁၇ ဒသမ ၇၈ စင်တီမီတာ (၇လက်မ)ရှိ အဆိပ်ပြင်းသည့် ကင်းမြီးကောက်ကြီးတစ်ကောင်ကို ပါးစပ်အတွင်း ၁၈ စက္ကန့်ကြာအောင် ငုံထားပြီး ကမ္ဘာ့စံချိန်တင်ခဲ့သည်။ **(ယာပုံ)**

တစ်ကိုယ်လုံးအမွေးအမှင်ဖုံးသူ

မက္ကဆီကိုနိုင်ငံသား ဗစ်တာလာရီ ရာမို့စ်ဂိုမက်ဇ်ဆိုသူကို ရုတ်တရက် ကြည့်မိလျှင် လူသားဟူ၍ ထင်စရာမရှိ၊ လူဝံဟူ၍သာ ထင်မှတ်မှားစရာဖြစ်သည်။ **(ဝဲပုံ)** အဘယ်ကြောင့်ဆိုသော် ၎င်းသည် ခြေဖဝါးနှင့် လက်ဖဝါးနှစ်ဖက်မှအပ တစ်ကိုယ်လုံး အမွေးအမှင်များ ထူထပ်စွာဖုံးအုပ်နေသောကြောင့်ပင်ဖြစ်သည်။ သူတင်မဟုတ် သူ့ညီဂါဘရီယယ်ဒန်နီဆိုသူလည်း သူ့နည်းနှင်နှင်ဖြစ်သည်။ မိသားစုဝင် ၁၉ဦးရှိသော ၎င်းတို့ မိသားစုတွင် ယောကျ်ားလေးများက အမွေးအမှင် ထူထူပေါက်ပြီး အမျိုးသမီးများကမူ အမွေးအမှင် ခပ်ပါးပါး ပေါက်နေကြသည်။ မျိုးရိုးလိုက်ပြီးဖြစ်သည်ဟူ၍ သိရသည်။

မုတ်ဆိတ်မွေးအရှည်ဆုံး မိန်းမသား

အမေရိကန်နိုင်ငံသူ ဗီဗီယန်ဝှီးလား ဆိုသူသည် အသက် ခုနစ်နှစ်အရွယ်မှစတင်၍ မျက်နှာမှ အမွေးအမှင်တို့ကို ရိတ်ခဲ့ရသည်။ ထို့နောက် အိမ်ထောင်လေးဆက်ပြုပြီး သူမ၏မိခင် ကွယ်လွန်ချိန်မှစ၍ မုတ်ဆိတ်ကျင်စွယ် မရိတ်ဘဲထားခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် သူမ၏ မုတ်ဆိတ်မှာ အရှည် ၂၇ဒသမ ၉စင်တီမီတာ (၁၁ လက်မ) အထိ ရောက်ရှိခဲ့သည်။ **(ယာပုံ)** ထို့ကြောင့် သူမသည် နေ့စဉ် အိမ်မှုကိစ္စများဆောင်ရွက်ရာတွင် မုတ်ဆိတ်ကျင်စွယ်ကို ထုံးချည်ပြီးမှ ဆောင်ရွက်ရသည်ဟု ဆိုသည်။

✻ ကျောဖုံးမှ

နယူးဆောက်သ်ဝေးလ်စ် တက္ကသိုလ်မှ ပါမောက္ခ ဘာနတ်စတီးဝဒ်သည် အချက် ငါးချက်ပါသော ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုအဆင့်များကို လေ့လာဖန်တီးနိုင်ခဲ့သည်။ ထိုအဆင့်ငါးဆင့်မှာ ကင်ဆာရောဂါ ဖြစ်ပွားခြင်း၊ ကင်ဆာရောဂါ ဖြစ်ပွားမှုနည်းပါးခြင်း၊ ကင်ဆာရောဂါဖြစ်ပွားမှု အလားအလာရှိခြင်း၊ ကင်ဆာရောဂါ ဖြစ်ပွားမည် မဖြစ်ပွားမည် မသေချာခြင်းနှင့် ကင်ဆာရောဂါ လုံးဝမဖြစ်ပွားခြင်းတို့ ဖြစ်သည်။

ဆေးလိပ်သောက်သုံးသူများနှင့် တစ်ချိန်က ဆေးလိပ်သောက်သုံးခဲ့သူများသည် ကင်ဆာရောဂါ အများဆုံးဖြစ်ပွားနိုင်ပြီး ဆေးလိပ်လုံးဝဖြတ်လိုက်သူများသည် ကင်ဆာရောဂါဖြစ်ပွားမှု အလားအလာ လျော့ကျစေနိုင်သည်ဟု စတီးဝဒ်က လေ့လာတွေ့ရှိသည်။

<u>အတိအကျမပြောနိုင်</u>

ကလိုရင်းဖြင့် သန့်စင်ထားသောရေကို သောက်ခြင်းနှင့် လက်ကိုင်ဖုန်းအသုံးပြုခြင်းသည် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးကြောင်း စတီးဝဒ်က ပြောကြားသည်။ သို့သော် လက်ကိုင်ဖုန်းကို ကာလကြာရှည်စွာ အသုံးပြုလာသည့်အခါ၌ ကင်ဆာရောဂါဖြစ်ပွားနိုင်-မဖြစ်ပွားနိုင်ဆိုသည်ကိုမူ အတိအကျမပြောနိုင်ပေ။

ကော်ဖီသောက်သုံးခြင်း၊ အနံ့အသက်ပျောက်ဆေးကို အသုံးပြုခြင်း၊ ဖလိုရိုက်ပါသောရေကို သောက်ခြင်း၊ ရင်သားအစားထိုးကုသခြင်းနှင့် သွားများဖာထေးခြင်းတို့မှာ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း အလွန်နည်းပါးကြောင်း စတီးဝဒ်က ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်ထောင်စုနေ့ လှော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ချင်းပြည်နယ်

မိုက္ကရိုဝေ့ဖ် ဆက်သွယ်ရေးစခန်း

ပြည်နယ်၊ ပြည်မ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ချင်းပြည်နယ် ဖလမ်းမြို့တွင် တည်ဆောက်ပေးထားသော မိုက္ကရိုဝေ့ဖ် ဆက်သွယ်ရေးစခန်း။

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၂၀၇၉၅၇	၅၇၅၄၅၆	၃၆၇၄၉၉
၂	ဆည်တမံ	ခု	–	၃၇	၃၇
၃	ကြိုးဝိုင်းတော	စတုရန်းမိုင်	၆၀၅	၂၀၃၁၅	၁၉၇၁၀
၄	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	–	၁၇၉၇၃	၁၇၉၇၃
၅	ကားလမ်း	မိုင်	၆၉၅	၁၀၉၄	၃၉၉
၆	ပေ(၁၈၀)အထက်တံတား	စင်း	၂	၅	၃
၇	စာတိုက်စခန်း	ခု	၂၉	၄၅	၁၆
၈	ကြေးနန်းရုံး	ရုံး	၁၁	၂၄	၁၃
၉	တယ်လီဖုန်းရုံး	ရုံး	၈	၂၉	၂၁
၁၀	မိုက္ကရိုဝေ့ဖ်စခန်း	ခု	–	၅	၅
၁၁	ရေအားလျှပ်စစ်စက်ရုံ	ရုံ	၄	၉	၅
၁၂	ပုဂ္ဂလိကစက်ရုံ	ရုံ	၃၄၃	၅၀၆	၁၆၃
၁၃	အခြေခံပညာကျောင်း	ကျောင်း	၁၀၉၁	၁၂၀၃	၁၁၂
၁၄	တက္ကသိုလ်၊ ကောလိပ်	ခု	–	၁	၁
၁၅	နည်းပညာတက္ကသိုလ်၊ ကောလိပ်	ခု	–	၁	၁
၁၆	ကွန်ပျူတာတက္ကသိုလ်	ခု	–	၁	၁
၁၇	ဆေးရုံများ	ရုံ	၁၈	၂၄	၆

ချင်းပြည်နယ်ဝင်ပေါက် ကလေးမြို့တွင် ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာများ သင်ယူနိုင်ရေးအတွက် တည်ဆောက်ပေးထားသည့် ကလေးတက္ကသိုလ်ကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြု

ချင်းပြည်နယ် ဟားခါးမြို့တွင် တည်ဆောက်ပေးထားသော ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။



ကလေး–ဟားခါးလမ်းပေါ်ရှိ ဗားရ်တံတား

သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ချင်းပြည်နယ် ကလေး-ဟားခါး လမ်းပေါ်တွင် တည်ဆောက်ပေးထားသော မဏိပူရ်မြစ်ကူး ဗားရ်တံတားကို တွေ့ရစဉ်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု၏ အတွေ့အကြုံ

စောဖိုးသဲ

အသီးတစ်ရာ
အညှာတစ်ခု
ဒို့ပြည်ထောင်စု

နိုင်ငံတစ်နိုင်ငံ မွေးဖွားရှင်သန်တည်တံ့လာဖို့မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ စစ်ပွဲပေါင်းများစွာကို ဖြတ်သန်းရသည်။ အခက်အခဲ အကျပ်အတည်းများစွာကို ရင်ဆိုင်ခဲ့ရသည်။ သမိုင်းတစ်လျှောက် ထူးခြားသော ဖြစ်စဉ်များကို ဖြတ်သန်းပြီးမှသာ နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်မှုကို ရရှိနိုင်ပေသည်။ ဖြစ်တည်ပြီးသောနိုင်ငံသည် လွတ်လပ်ရမည်၊ အချုပ်အခြာအာဏာပိုင်ဆိုင်ရမည်။ ယင်း၏ ဖြစ်တည်မှုကို ထာဝစဉ်ထိန်းသိမ်းသွားနိုင်ရန်အတွက် အင်အားခိုင်မာတောင့်တင်းရပေမည်။ သို့မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတစ်ရပ်အဖြစ် ထာဝစဉ်ရပ်တည်သွားနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့သော နိုင်ငံကြီးတစ်နိုင်ငံပင် ဖြစ်သည်။ မြိုင်မြို့နယ် ပုံတောင်ကျောက်လွှာဒေသ ဗဟင်းကျေးရွာအနီးတွင် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၄၀ ခန့်ရှိသော လူတူပရိုင်းမိတ်များကို တွေ့ရှိခဲ့သည်။ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများသည် လူဖြစ်လာမည့် သတ္တဝါတို့၏ ရုပ်ကြွင်းများဖြစ်လေရာ "လူသားမျိုးနွယ် အစ မြန်မာက"ဟူသော အဆိုကို နိုင်ငံတကာ ဘူမိဗေဒပညာရှင်များက လက်ခံခဲ့ကြသည်။ ကျောက်ခေတ် ကာလအတွင်း ဧရာဝတီမြစ်ဝှမ်းတွင် အညာသားယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း၊ ပြဒါးလင်းဂူတွင် ကျောက်ခေတ်လူနေမှု သဲလွန်စများအထင် အရှားတွေ့ရခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ်ကပင် လူသားတို့နေထိုင်ခဲ့ကြကြောင်း သိရှိရပေသည်။

အလွန်နှေးကွေးလှသော လူစီးကြောင်းကြီးများသည် အရပ်လေးမျက်နှာအနှံ့ အစုန်အဆန် အပြန်အလှန် ရွေ့လျားလျက်ရှိကြရာ တကောင်းမြို့ဟောင်း တူးဖော်မှု၊ သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုနှင့် ဟန်လင်း၊ ဗိဿနိုးမြို့ဟောင်းများ၏ အထောက်အထားအရ မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီအောင် ကြာမြင့်ခဲ့သော ပျူခေတ်ယဉ်ကျေးမှုကြီး ထွန်းကားခဲ့ကြောင်း တွေ့ရသည်။

သရေခေတ္တရာခေတ် ကုန်ဆုံး၍ ပုဂံခေတ်ဦးပိုင်းစတင်ပြီးနောက် ပျူလူမျိုးများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး မြန်မာ လူမျိုးများအဖြစ် ပြောင်းလဲသွားသည်ကို တွေ့ရမည်ဖြစ်သည်။ ပျူလူမျိုးများ ရုတ်ခြည်းပျောက်ကွယ်ပြီး မြန်မာလူမျိုးများ ရုတ်ခြည်း ပေါ်ပေါက်လာခြင်းမျိုး မဟုတ်ပေ။ ၁၀၄၄ ခုနှစ်တွင် နန်းတက်သည့် အနော်ရထာမင်းစော ထူထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် ယနေ့မြန်မာနိုင်ငံတော်ကြီး၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် အလေး၊ တင်း၊ တောင်းစသော အခြင်အတွယ်များကို တညီတညွတ်တည်းဖြစ်စေခြင်း၊ နယ်နိမိတ် အပိုင်းအခြားများ ခိုင်မာစေခြင်း၊ ထောင်ပြုမြို့၊ ရာပြုမြို့၊ ကင်းတပ် နယ်ခြားမြို့များ တည်ထောင်၍ ယနေ့ခေတ် ပြည်သူ့စစ်မဟာဗျူဟာနှင့် တူသော နိုင်ငံတော်ကာကွယ်ရေးစနစ်ကို ထူထောင်ခြင်းတို့ဖြင့် ပထမမြန်မာနိုင်ငံတော်ကြီးကို ခိုင်မာစေခဲ့သည်။

ပုဂံခေတ်ကုန်ဆုံးပြီးနောက် အင်းဝခေတ်တွင် မြန်မာနိုင်ငံသည် မြို့ပြနိုင်ငံလေးများအဖြစ် အကွဲကွဲအပြားပြား ဖြစ်နေခဲ့ရာ ဟံသာဝတီ ဆင်ဖြူများရှင်(ခေါ်)ဘုရင့်နောင် မင်းတရားကြီးက ခက်ခဲစွာပင် ပြုစုပျိုးထောင်ခဲ့ရသည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် အင်အားတောင့်တင်းပြီး ကျယ်ဝန်းလှသော်လည်း သားတော် ငါးဆူဒါယကာ လက်ထက်မှာပင် ပေါ်တူဂီ နယ်ချဲ့များ၏ ပယောဂနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲခြင်းကြောင့် ဟံသာဝတီပျက်ခဲ့ရသည်။ သို့သော် ဘုရင့်နောင် မင်းတရားကြီး၏ သားတော်တစ်ဦးပင်ဖြစ်သော ညောင်ရမ်းမင်းကြီးသည် ဒုတိယအင်းဝခေတ်ကို စတင်ကာ နိုင်ငံကို ပြန်လည် ထူထောင်ခဲ့ရသည်။ ညောင်ရမ်း(၁၀)ဆက် လွန်သောအခါ နိုင်ငံသည် စည်းလုံးညီညွတ်မှုမရှိဘဲ ပြိုကွဲပြန်သဖြင့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တတိယ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည် တည်ထောင်ရပြန်သည်။

မင်းသုံးပါးတို့ ခက်ခဲစွာ သုံးကြိမ်တိုင်တိုင် တည်ထောင်ခဲ့ကြရသော မြန်မာနိုင်ငံတော်ကြီးသည် ဘကြီးတော်မင်း လက်ထက်တွင် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၂၄-၂၆ခုနှစ်)ဖြစ်ပွားသဖြင့် အာသံ၊ မဏိပူရ၊ ရခိုင်၊ တနင်္သာရီတို့ကို ဆုံးရှုံးခဲ့ရလေရာ နိုင်ငံတော်၏ အစွန်အဖျားနယ်ပယ်များ ပဲ့ထွက်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲ ခြင်းအစဟု ဆိုနိုင်ပေသည်။

ပုဂံမင်းလက်ထက် ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ (၁၈၅၂-၅၃ခုနှစ်)ဖြစ်ပွားနေစဉ် မြန်မာတို့သည် အင်္ဂလိပ်များအား တိုက်ထုတ်ဖို့ထက် နန်းတွင်းရေးရှုပ်ထွေးပြီး ညီအစ်ကိုချင်း နန်းလုပွဲ ဆင်နွှဲနေကြသည်ကို တွေ့ရသည်။ အင်္ဂလိပ်များ ခြေကုန်လက်ပန်းကျပြီး စစ်ပန်းကာ စစ်ရှိန်တန့်နေချိန် မြန်မာတို့က အားသွန်၍တိုက်ပါက နိုင်ခြေရှိပါလျက် ပုဂံမင်းသည် ပုန်ကန်သူ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား နှိမ်နင်းရန်အတွက် အင်္ဂလိပ်များနှင့် ရင်ဆိုင်တိုက်နေသော တပ်များကို ရုပ်သိမ်းခိုင်းခဲ့သည်။ သို့နှင့် မင်းတုန်းမင်း နန်းတက်ချိန်တွင် အောက်မြန်မာပြည်သည် ရန်သူနယ်ချဲ့တို့လက်သို့ မပါသင့်ဘဲ ပါခဲ့ရတော့သည်။ မင်းတုန်းမင်း၏ သားတော် သီပေါမင်းလက်ထက်တွင်ကား မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်မရှိတော့ဘဲ ကုန်းတွင်းပိတ် နိုင်ငံငယ်လေးဖြစ်နေလေရာ ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲတွင် စစ်ပင် ဟုတ်တိပတ်တိ မတိုက်လိုက်ရဘဲ သူ့ကျွန်ဖြစ်ခဲ့ရတော့၏။

နယ်ချဲ့တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား သိမ်းပိုက်နိုင်ရန် နှစ်ပေါင်းတစ်ရာကျော်ခန့် အချိန်ယူ ကြိုးပမ်းခဲ့ရပြီး လူသူအသေအပျောက်များလှသော စစ်ပွဲကြီးများ ဆင်နွှဲခဲ့ကြရသည်။ တတိယစစ်ပွဲတွင် တစ်လပြည့်အောင် မတိုက်လိုက်ရသော်လည်း တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများကို စစ်တပ်ကြီးများဖြင့် ၁၈၉၄ ခုနှစ်ကုန်သည်အထိ တိုက်ခိုက်နှိမ်နင်းနေခဲ့ကြရသည်။ ၁၈၉၅ ခုနှစ်ကုန်မှ အုပ်ချုပ်ရေးအခြေကျစပြုသည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲသွားစေရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအား Divide and Rule (ခေါ်) သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။

သွေးခွဲအုပ်ချုပ်မှုဆိုသည်မှာ လူမျိုးရေးအရ စနစ်အမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေးအဘိဓာန်များတွင် ဤအုပ်ချုပ်နည်းကို လူမျိုးစုများ၏ အခြေအနေအရ အင်အားချိန်ညှိပေးခြင်းဟု ဆိုလေရာ စည်းလုံးညီညွတ်မှုကို ဖြိုခွဲခြင်းပင်ဖြစ်သည်။ ဤအုပ်ချုပ်နည်းတွင် လူနည်းစုများကို အားပေးကူညီပြီး စစ်အင်အားပါ ခိုင်မာတောင့်တင်းစေရန် ကူညီပေးခြင်းနှင့် လူများစုများအား အင်အား လျှော့ချပစ်ရန် နည်းစနစ်များပါဝင်သည်။ ဤနည်းကို ကျူးကျော်သူများက ကျူးကျော်ခံ ကိုလိုနီနယ်ပယ်များအပေါ်တွင် ကျင့်သုံးသည်ဟုလည်း အဘိဓာန်များက ဆိုသည်။

မြန်မာနိုင်ငံတွင်ကား ဗြိတိသျှနယ်ချဲ့တို့သည် တောင်ပေါ်ဒေသများကို ပဒေသရာဇ်စနစ်ဖြင့် ဆက်လက်အုပ်ချုပ်ရန် ခွင့်ပြုထားလိုက်သည်။ မိုးကုတ်၊ မိုးမိတ်၊ ဝန်းသို၊ ကလေး၊ မိုးညှင်း၊ မိုးကောင်းနယ်များမှာမူ တော်လှန်ရေးအင်အား ပြင်းထန်လှသဖြင့် ပဒေသရာဇ်နယ်ပယ်များ အဖြစ်ခွင့်မပြု။ မြေပြန့်ဒေသနှင့်အတူ တိုက်ရိုက်အုပ်ချုပ်ခြင်းကို ခံရသည်။ မြန်မာနိုင်ငံတွင် လူမျိုးရေးသွေးခွဲအုပ်ချုပ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရသည်။ မြန်မာနေရှင်များအား မြေတောင်မြှောက်ပေးခြင်း၊ ဆင်းရဲသားများအား နှိပ်စက်ခြင်းတို့ကို တွင်တွင်ကြီး ပြုလုပ်နေစဉ် မှ(ခ်စ်)ဝါဒ ဝင်ရောက်လာရာ လူတန်းစား တိုက်ပွဲများ ဖြစ်ပေါ်လာပြန်သည်။ မြန်မာတို့သည် နယ်ချဲ့တို့၏ ဖိနှိပ်မှုမှ လွတ်လပ်ရေးရရှိရန် အသက်ပေါင်းများစွာရင်းပြီး ခက်ခဲစွာ ကြိုးစားခဲ့ ကြရခြင်းဖြစ်သည်။

တလီစာချုပ်၊ နု-အက်တလီစာချု[…]
သောကြောင့်သာ မြန်မာနိုင်ငံ လွ[…]

သို့သော် လွတ်လပ်ရေးရပြီး[…]
မြှောက်ပင့်ပေးမှုကြောင့် နယ်ချဲ့စ[…]
သောင်းကျန်းမှုမီးကြီး တောက်လေ[…]
ရေး ပဋိပက္ခများမှာလည်း အလေ[…]
အစိုးရသည် အမျိုးသား ပြန်[…]
ဦးတည်ကြိုးစားပြီး အမျိုးသားညီလ[…]
သည်။ သို့သော် ယနေ့အခါတွ[…]
အောင်မြင်စွာပြီးဆုံးလျက် အခြေခံ[…]
နေသောအဆင့်ကို ရောက်နေ[…]
လက်အောက်မှ မလွတ်မြောက်မီ[…]
နှင့် အပြီးသတ်ရေးဆွဲခဲ့ရသော[…]
သည်လည်းကောင်း၊ ဆိုရှယ်လ[…]
ခုနှစ် အခြေခံဥပဒေသည်လည်းေ[…]
အခြေအနေနှင့် မည်သို့မျှ မကိုက်ည[…]
နိုင်ငံတွင် အခြေခံဥပဒေအသစ်[…]
ကို ငြင်း၍မရပေ။

ယခုအခါ ပင်လုံစာချုပ်၏သ[…]
ပြီ။ ဤအချိန်တွင် ပြည်ထောင်စု[…]
စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ [...]
ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်[…]
မူဝါဒအဖြစ် ပြည်ထောင်စုသားတို[…]
ရန် အရေးကြီးနေပေပြီ။ **ပြည်ထော[…]**
ရေးအတွက် ပြည်ထောင်စုသား[…]
သည်။ နိုင်ငံတော်ရွေ့ဆက်သွား[…]
အနက် တတိယအဆင့်ဖြစ်သော[…]
ဆောင်ရွက်နေပြီဖြစ်ရာ လမ်းတစ်[…]
ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ေ[…]
ပြီတည်း။ ။

မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့သော နို[…]
ဖြစ်သည်။ မြိုင်မြို့နယ် ပုံတောင်ကျောက်လွှာဒေသ ဗဟင်း[…]
သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၄၀ခန့်ရှိသော လူတူပရိုင်းမိ[…]
သည်။ တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းများသည် လူဖြစ်လာမ[…]
ရုပ်ကြွင်းများဖြစ်လေရာ "လူသားမျိုးနွယ်အစ မြန်မာက" ပ[…]
နိုင်ငံတကာ ဘူမိဗေဒပညာရှင်များက လက်ခံခဲ့ကြသည်။ ကျေ[…]
အတွင်း ဧရာဝတီမြစ်ဝှမ်းတွင် အညာသားယဉ်ကျေးမှု ထွန်းကားခဲ့[…]
တွင် ကျောက်ခေတ် လူနေမှုသဲလွန်စများ အထင်အရှားတွေ[…]
မြန်မာနိုင်ငံတွင် သမိုင်းမတင်မီခေတ်ကပင် လူသားတို့နေထိုင်ခဲ့[…]
ပေသည်။

မြန်မာနိုင်ငံသည် တရွေ့ရွေ့ပြောင်းလဲခြင်းများကိုသာမကဘဲ တစ်ရှိန်ထိုး တစ်ဟုန်ထိုး ပြောင်းလဲသော တော်လှန်ရေးများကိုလည်း ကြုံတွေ့ခဲ့ကြရသည်။ နယ်ချဲ့တို့လက်အောက်တွင် တိုင်းရင်းသားချင်း လွတ်လပ်စွာ ဆက်ဆံခွင့်မရ။ တစ်နေရာနှင့် တစ်နေရာ သွားချင်သလို သွားလို့မရ။ ပဋိပက္ခများဖြစ်ပွားစေရန် ရန်တိုက်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းများလည်း ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း နယ်ချဲ့များက မြှောက်ပေးသဖြင့် ပေါ်ပေါက်ခဲ့ရသော ပဋိပက္ခများကို ယခုတိုင် ရှင်း၍မရသေး။

လွတ်လပ်ရေးယူမည် ဆိုတော့လည်း အချို့တိုင်းရင်းသားခေါင်းဆောင်များမှာ နယ်ချဲ့တို့၏ မှိုင်းမိကာ လွတ်လပ်ရေးမယူဘဲ ဗြိတိသျှအင်ပါယာအောက်တွင်သာ နေလိုသည်ဟု ပြောသူကပြောသည်။ သီးခြားလွတ်လပ်ရေးယူမည်ဟု ဆိုသူကဆိုသည်။ တိုင်းရင်းသားခေါင်းဆောင်များအားလုံး တောင်ပေါ်မြေပြန့် မခွဲခြားဘဲ စည်းလုံးညီညွတ်နိုင်ရေးအတွက် ခက်ခဲစွာ စည်းရုံးကြိုးစားခဲ့ရခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် တောင်ပေါ်မြေပြန့် မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူကြမည်ဟု ပင်လုံမြို့တွင် စာချုပ်ချုပ်ဆိုနိုင်ခဲ့ရာ ထိုနေ့ကို ပြည်ထောင်စုနေ့ဟု သတ်မှတ်ခဲ့ကြသည်။ ပင်လုံစာချုပ်သည် လွတ်လပ်ရေးအတွက် ပထမခြေလှမ်းဖြစ်ပြီး အောင်ဆန်း-အက်



တလီစာချုပ်၊ နု-အက်တလီစာချုပ်များ ဆက်လက်ချုပ်ဆိုနိုင်ခဲ့သောကြောင့်သာ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ခြင်းပင်။

သို့သော် လွတ်လပ်ရေးရပြီးနောက် နယ်ချဲ့တို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် နယ်ချဲ့စနစ်၏ ဆိုးမွေအဖြစ် ပြည်တွင်းသောင်းကျန်းမှုမီးကြီး တောက်လောင်ခဲ့ရသကဲ့သို့ မြေပေါ်နိုင်ငံရေး ပဋိပက္ခများမှာလည်း အတောမသတ်နိုင်ခဲ့။ တပ်မတော်အစိုးရသည် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးတည်ကြိုးစားပြီး အမျိုးသားညီလာခံကြီးကို ခက်ခဲစွာကျင်းပခဲ့ရသည်။ သို့သော် ယနေ့အခါတွင် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးဆုံးလျက် အခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲနေသောအဆင့်ကို ရောက်နေပေပြီ။ အင်္ဂလိပ် နယ်ချဲ့တို့လက်အောက်မှ မလွတ်မြောက်မီ နယ်ချဲ့တို့အလိုကျ သုံးလခန့်နှင့် အပြီးသတ်ရေးဆွဲခဲ့ရသော ၁၉၄၇ ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း၊ ဆိုရှယ်လစ်ဝါဒကိုအခြေခံသော ၁၉၇၄ ခုနှစ် အခြေခံဥပဒေသည်လည်းကောင်း မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် မည်သို့မျှ မကိုက်ညီတော့ပေ။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေခံဥပဒေအသစ်တစ်ရပ် မရှိမဖြစ်လိုအပ်သည်ကို ငြင်း၍မရပေ။

ယခုအခါ ပင်လုံစာချုပ်၏သက်တမ်းမှာ (၆၁)နှစ်ရှိလာလေပြီ။ ဤအချိန်တွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုသားတိုင်းက ကာကွယ် စောင့်ရှောက်ရန် အရေးကြီးနေပေပြီ။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသားတိုင်းမှာပင် တာဝန်ရှိနေပေသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် တတိယအဆင့်ဖြစ်သော အခြေခံဥပဒေရေးဆွဲခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ လမ်းတစ်ဝက်သို့ပင် ရောက်နေပေပြီ။ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးမှာ မဝေးတော့ပြီတည်း။ ။

...ာမိုင်းကြောင်းရှိခဲ့သော နိုင်ငံကြီးတစ်နိုင်ငံပင် ...ာက်လွှာဒေသ ဗဟင်းကျေးရွာအနီးတွင် ...ခန့်ရှိသော လူတူပရိုင်းမိတ်များကို တွေ့ရှိခဲ့ ...င်းများသည် လူဖြစ်လာမည့် သတ္တဝါတို့၏ ...ှယ်အစ မြန်မာက” ဟူသော အဆိုကို ...လက်ခံခဲ့ကြသည်။ ကျောက်ခေတ်ကာလ ...းယဉ်ကျေးမှု ထွန်းကားခဲ့ခြင်း၊ ပြဒါးလင်းဂူ ...များ အထင်အရှားတွေ့ရခြင်းတို့ကြောင့် ...ပင် လူသားတို့နေထိုင်ခဲ့ကြကြောင်း သိရှိရ

ပြည်ထောင်စုအား

* မြန်မာဟူသည်
သာကီနွယ်မဟာမျိုးပေမို့
မညှိုးဂုဏ်တေဇာနဲ့
ဝင့်ထည်စွာအလှတိုးပါလို့
ဖွံ့ဖြိုးခဲ့ သည်ချိန်ခါ။ ။

* အဖြစ်ဟောင်းတွေက
နှစ်ပေါင်းခြောက်ဆယ်ကျော်လည်း
ရည်မျှော်ကာ ပြန်လည်တွေးရင်ဖြင့်
သွေးရင်းချာ ညီနောင်များရယ်တို့
စွန့်စားခဲ့တဲ့ သမိုင်းအစဉ်အလာ။ ။

* ကျွန်အဖြစ်မှာ
နှံ့နစ်ကာ ဘဝအခြေမလှတာကြောင့်
မြန်မာ့မြေကို ကျူးကျော်ခဲ့ပါတဲ့
နယ်ချဲ့ရန် တော်လှန်တဲ့ပွဲမှာဖြင့်
ဆင်နွှဲကာ အသက်တွေနှင်းရှာခဲ့
တိုင်းရင်းဆွေသဟာတို့
ပင်လုံမြေမှာ အခြေပြုတဲ့အားတွေနဲ့
ကြိုးစားကာ လုံ့လဖွဲ့တွေကြောင့်
ခိုင်မြဲစွာ အထွတ်အမြတ်တွေပါတဲ့
လွတ်လပ်ရေးကိုတဲ့ အရယူ
ပြည်သူတွေရဲ့ အမျိုးမာန်တရား။ ။

* ဘေးမသမ်းပါ
အေးချမ်းစွာ ရပ်တည်ခဲ့တာလည်း
နောင်အမြဲအစဉ်သာ ညီအောင်ပြုမယ့်နိမိတ်ပေပေါ့
အောင်ပွဲဆင်တာ ပြည်ထောင်စုစိတ်ပါပဲ
အတိတ်ခြေရာအတိုင်း မပြတ်နင်းပါလို့
အဆိပ်မွှေကာ အရိုင်းဇာတ်မခင်းကြပါနဲ့
ပြည်တွင်းရန် နုတ်ပယ်ခွင်းပါလို့
ပြည်ပရန် အဟုတ်တကယ် ရှင်းနိုင်ရဲ့
သွေးချင်းဆွေ မြန်မာတို့
ညီညာစွာ ရည်ဆောင်ပြုပါတဲ့
ပြည်ထောင်စုအား။ ။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ညွှန့်လှိုင်ဝင်း (ကွမ်းခြံကုန်း)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။



ပင်လုံမုခ်ဦး

* ၂၀၀၈၊ ထွန်းသစ်ဆောင်းရာသီ
၁၂ရက်စွဲ၊ ရောက်မြဲဖေဖော်ဝါရီ
တေးသံဝေစီ၊ နေခြည်မှာ အောင်လံလူး
၆၁နှစ်မြောက်၊ ရွှန်းထိန်တောက်
ဝမ်းမြောက်ပျော်ရွှင် မြူးသည်တည့်လေး။

* ပင်လုံမုခ်ဦး၊ တင့်ထူးခိုင်မာစွာ
နယ်ချဲ့ရန်ဘေး၊ ကင်းဝေးကြံဆောင်ကာ
ပြည်ထောင်စုမြန်မာ၊ ကမ္ဘာမှာတင့်စေကြောင်း
ညီညာလက်တွဲ ခိုင်ခိုင်မြဲ
ရဲသွေးနီနီ လောင်းသည်တည့်လေး။

* တစ်ရာနှစ်ပေါင်း၊ ပြန်ပြောင်းတွက်စစ်ရန်
နယ်ချဲ့သမား၊ စော်ကားသွေးစုပ်မခံ
စုပေါင်းတွန်းလှန်၊ နိုင်ငံလွတ်လပ်ရေး
စည်းလုံးညီညီ၊ အားမာန်ချီ
ကိုယ်စီသက်သွေး ပေးသည်တည့်လေး။

* ကိုယ့်ပြည်အရေး၊ သက်ပေးတူပါဝင်
ရခိုင် ကယား၊ အင်းသား ရှမ်း ကရင်
မွန် ဝ ကချင်၊ တူယှဉ် နာဂ
ပလောင် ဗမာ၊ ချင်းတို့ပါ
ညီညာတိုက်ခိုက် ကြသည်တည့်လေး။

* မြင့်မားမာန၊ တက်ကြွတလူလူဝေ
ယူနီယံဂျက်၊ မြေထက်လျှောကာခွေ
ပင်လုံသက်သေ၊ ကိုယ့်မြေကိုယ်ပိုင်ခွင့်
တစ်ကိုးလေးခွန်၊ ရက်မြတ်မွန်
တံခွန်ထူကာ လွှင့်သည်တည့်လေး။

* တိမ်ယံထွတ်ဖျား လွှင့်သွားအောင်လံ ဝဲနေပေါ့အတည်၊
မှိန်ပြန်ပျက်မသွား မြင့်မားဆောင်ပျံ ရဲပေတော့သည်။ ။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ထွင့်ခေါင်

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ သစ်တောကြိုးဝိုင်းနှင့်သစ်စက်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၁ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ ဇောမိတစ်ထောင် စိမ်းလန်းစိုပြည်ရေး မျိုးဥယျာဉ်သို့ ရောက်ရှိပြီး ဇောမိတစ်ထောင် ကျောက်ကာရွှေမြင်တင် တောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ ထူထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဝန်ကြီးသည် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ ရောက်ရှိ၍ ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ကနီမြို့နယ် ပေါက်အင်းတောင်ကြိုးဝိုင်း အတွင်း တင်ဝင်းထွန်းကုမ္ပဏီက စိုက်ပျိုးသည့် ခြစည်းရိုးကြက်ဆူ စိုက်ခင်းဧက ၄၄၀၀ သို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၃ ရက်တွင် ကန့်ဘလူမြို့ စံပါယ်နံ့သာကြိုးဝိုင်း အတွင်းရှိ တင်ဝင်းထွန်းကုမ္ပဏီ၏ ကျွန်းစိုက်ခင်းဧက ၇၀၀နှင့် ရွှေမိုးသာ ကုမ္ပဏီ၏ သီးခြားကျွန်းစိုက်ခင်းဧက ၅၀၀ တို့သို့ ရောက်ရှိပြီး စိုက်ခင်းများ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့ရှိ မဟာရွှေစည်ကြီးစေတီတော်အား သွားရောက်ဖူးမြော်၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်ကိုကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် ကန့်ဘလူမြို့ ချပ်သင်းဘေးမဲ့တော၊ သဘာဝ သမိုင်းပြတိုက်သို့ ရောက်ရှိပြီး ငှက်၊ လိပ်ပြာနှင့် သားကောင်ငယ်လေးများ ရုပ်လုံးသွင်းထားမှုများနှင့် ဘေးမဲ့တောအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ မြစ်ဝါသစ်အချောထည်စက်ရုံ၊ Golden Pollenကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံနှင့် ကျောက်ဆည်မြို့ Jewellery Luckကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေမာရုံသီသိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အလှူရှင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း(အထက်)နေဒေါ်လှမြင့်၊ ဦးအောင်ကျော်စိုးဦး-ဒေါ်ခင်စိုးသီ(ဦးစိုးလွင်နှင့်သားများ ဂျိုးဖြူရေပန့်ရောင်းဝယ်ဖြန့်ချိရေး) မိသားစု၊ သန်လျင်မြို့နေ အရဟံဆရာအောင်-ဇနီး ဒေါ်နှင်းရည်ကျော် မိသားစုနှင့် အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၈၀ အကုန်အကျခံ တည်ဆောက်ပြီးစီးသွားသည့် ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ ဒေးစွန်ပါ ဆံတော်ရှင်တောင်ခြေရင်း သန္တိသုခကျောင်း ပရိဝုဏ်ရှိ ခေမာရုံသီသိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်(တပို့တွဲလပြည့်နေ့)တွင် အဆိုပါ သိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ဒေးစွန်ပါကျေးရွာ သန္တိသုခကျောင်းတိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော ပဲခူးမြို့နယ်နှင့် ဒေးစွန်ပါ ကျေးရွာပတ်ဝန်းကျင်တို့ရှိ ဘုန်းတော်ကြီးကျောင်း ၇၄ ကျောင်းတို့မှ ပင့်သံဃာတော်အပါး ၂၅၀ တို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီး

သတိပြု

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ဖေဖော်ဝါရီ ၄ ရက်က အလှူရှင် ရန်ကုန်မြို့ ကျောက်မြောင်း အင်းဝလမ်းနေ ဦးစိုးဝင်း-(ဒေါ်ယုံ) မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင်နှင့် အတွင်းရေးမှူး ဦးမျိုးခိုင်တို့ လက်ခံရယူစဉ်။

(၃၀၇)

ဖေဖော်ဝါရီ ၂ရက်က လှိုင်မြို့နယ် အမှတ်(၁၉) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယတန်းမှ ဘက်စုံထူးချွန် ဒုတိယဆုရ မအိန္ဒြေမှူးခင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဖြူဖြူဝင်း ဆုချီးမြှင့်စဉ်။

(၅၄၃)

စက်မှုတက္ကသိုလ်မြို့ပြကျောင်းသားဟောင်း အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်၊ စက်မှုတက္ကသိုလ် မြို့ပြကျောင်းဆင်းကျောင်းသား ဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ရက်(စနေနေ့) နံနက် ၉နာရီခွဲမှ ၁၂နာရီခွဲ အထိကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုသူ များသည် ကိုသန်းဝင်း ဖုန်း-၀၉၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၉၉၂၅၆၄၉၊ ကိုကိုအေး ဖုန်း-၀၉၅၁၁၉၀၇၀၊ ဒေါက်တာ ဉာဏ်မြင့်ကျော် ဖုန်း-၀၉၅၀၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း-၀၉-၈၀၂၀၉၇၈၊ ကိုတိုးတိုးဝင်း ဖုန်း-၀၉ ၅၀၁၄၄၈၅ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်မျိုးအောင်စေတီတော် နတ်လမ်းများ ကြွေပြားခင်းရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး အရှေ့ဘက် နတ်လမ်းများ၊ နေပူခံကျောက်ပြားများနှင့် ကြွေပြားများခင်းရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက်က ကျင်းပရာ ရှေးဦးစွာ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)က လှူဒါန်းမှုနှင့် စပ်လျဉ်း၍ အနုမောဒနာသြဝါဒစကားပြောကြားပြီး အလှူရှင် အမှတ်(၂၅၈) စံပြ ၃လမ်း စံပြရပ်ကွက်နေ ကွယ်လွန်သူ ခင်ပွန်း ဦးတင်မောင်ဦးအားရည်စူး၍ ဇနီးဖြစ်သူ ဒေါ်နုခင် မိသားစုက နတ်လမ်း ငါးခန်းအတွက် အလှူငွေကျပ် ၆၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)၊ အတွင်းရေးမှူး ဦးအောင်သန်းစိန်နှင့် အဖွဲ့ဝင် ဦးသိန်းလှိုင်တို့က လက်ခံယူပြီး **(အောက်ပုံ)** အနုမောဒနာဂုဏ်ပြုလွှာ ပေးအပ်ကြသည်။ (၅၀၆)

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် (ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီ အမှုဆောင်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီ အမှုဆောင်) အား တွေ့ရစဉ်။

(ကြေးမုံ)

မင်္ဂလာတောင်ညွန့်ရဲစခန်း၌ သက်သေခံပစ္စည်းများ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့် ရဲစခန်း၌ ဖေဖော်ဝါရီ ၄ရက်က သက်သေခံပစ္စည်းများကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်သည့် အခမ်းအနားကျင်းပခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်အေးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယရဲမှူး ဒေါ်အုံးကြည်က ပစ္စည်းပိုင်ရှင်ဒေါ်ရီရီထံ သက်သေခံပစ္စည်းများကို ပြန်လည်ပေးအပ်ကာ ပစ္စည်းပိုင်ရှင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အမှုဖြစ်စဉ်မှာ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ် စက်ရုံလမ်းနေ ဒေါ်ရီရီသည် ဇန်နဝါရီ ၁၉ ရက် ည၇နာရီခန့်က နေအိမ်ကိုသော့ပိတ်၍ သူငယ်ချင်းဖြစ်သူ မမြတ်နိုးနှင့်အတူ သိမ်ကြီးဈေးအပေါ်ထပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်ခဲ့သည်။ ထို့နောက် ဇန်နဝါရီ ၂၀ ရက်နံနက် ၃နာရီတွင် နေအိမ်သို့ ပြန်လည်ရောက်ရှိပြီး ထိုနေ့ညနေ ၃နာရီတွင် ဗီရိုအား ဖွင့်ကြည့်ရာ ရွှေ၊ ငွေစုစုပေါင်း တန်ဖိုး ၅၄ သိန်းကျော်ဖိုး ပျောက်ဆုံးနေသဖြင့် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ တိုင်ကြားခဲ့သောအမှုဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အလှူငွေများလက်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ မိသားစုတို့က ငွေကျပ် ၁၀ သိန်း၊ Myanmar Winery & Distillery Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ငွေကျပ် သိန်း ၃၀၀၊ ဒေါက်တာ ဇော်ထွန်း-ဒေါက်တာ ဌေးဌေးကြည် (ယူနီဗာဆယ်ဆောက်လုပ်ရေး)က ဒုတိယအကြိမ်အဖြစ် ငွေကျပ် သိန်း ၂၀၀၊ နိုင်ဂရုဖ်ဆောက်လုပ်ရေးက ငွေကျပ် သိန်း၁၀၀၊ ဦးကိုကိုထွေး (တော်ဝင်ကုမ္ပဏီ)က ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ပြတင်းတံခါး၊ ကြေးပေါင်များ၊ သုခမ္မမဏိဇောတရေ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့် (Fresh Air Conditioning)က ငွေကျပ်သိန်း၅၀ တန်ဖိုးရှိ လေအေးပေးစက်များ၊ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာဆောက်လုပ်ရေး)နှင့် အကယ်ဒမီ အထူးကုဆေးခန်းတို့က ငွေကျပ် သိန်း ၅၀ စီ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၀၁၅၆၅၀၀၀ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်မှာ အလျားပေ ၂၀၀၊ အနံပေ ၅၀ ရှိ လေးထပ်အဆောက်အအုံ ဖြစ်ပြီး ၂၀၀၇ ခုနှစ် မေ ၁၆ ရက်တွင် ပန္နက်တင်မင်္ဂလာကို ဆောင်ရွက်နိုင်ခဲ့ကာ အောက်တိုဘာ ၆ ရက်တွင် အုတ်မြစ်စီမင်္ဂလာနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပခဲ့သည်။

ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror — အခင်တာနက် ကျန်းမာရေးသတင်း

ကော်ဖီသောက်ခြင်း၊ လက်ကိုင်ဖုန်းအသုံးပြုခြင်းကြောင့် ကင်ဆာရောဂါဖြစ်ပွားမှု အလားအလာမရှိကြောင်း လေ့လာတွေ့ရှိ

လက်ကိုင်ဖုန်းကို ကာလကြာရှည်စွာ အသုံးပြုသည့်အခါ ကင်ဆာရောဂါ ဖြစ်နိုင်၊ မဖြစ်နိုင်ကို အတိအကျ မပြောနိုင်သေးပေ။

ကင်ဘာရာ ဖေဖော်ဝါရီ ၈

ယခင်က သိရှိထားသည့် ကော်ဖီသောက်ခြင်း၊ လက်ကိုင်ဖုန်းအသုံးပြုခြင်းနှင့် ရင်သားအစားထိုး ခွဲစိတ်ကုသခြင်းတို့သည် ကင်ဆာရောဂါဖြစ်ပွားစေနိုင်သည်ဆိုသောအချက်မှာ မှန်ကန်မှုမရှိကြောင်း သြစတြေးလျ ကင်ဆာရောဂါကျွမ်းကျင်ပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် ပူပြင်းသော နေရောင်ခြည် ထိတွေ့ခံရသူများသည် ကင်ဆာရောဂါဖြစ်ပွားစေနိုင်ပြီး ကော်ဖီသောက်ခြင်း၊ လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ ရင်သားအစားထိုးကုသခြင်း၊ အနံ့အသက်ပျောက်ဆေး အသုံးပြုခြင်းနှင့် ဖလိုရိုက်ပါသော ရေကို သောက်သုံးခြင်းတို့သည် ကင်ဆာရောဂါ မဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၃ သို့ ✻

ကြေးမုံ The Mirror — ယနေ့ သတင်းအညွှန်း

ရုရှား၊ တရုတ်၊ အာဖဂန်နစ္စတန်၊ ဆိုမာလီယာအပါအဝင် နိုင်ငံတကာသတင်းများ — စာမျက်နှာ-၄၊၅

ပရီမီယာလိဂ် ပွဲစဉ် (၂၆) စောင့်ကြည့်ရမည့် ပွဲသုံးပွဲ — စာမျက်နှာ-၅

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ဖြစ်ရပ်များ — စာမျက်နှာ-၆

သာသာယာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။